# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# [ ၂၈- ၆ - ၂၀၁၃ ]

# ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို မှတ်တမ်းတင်ကြောင်း ကြေညာခြင်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းမည့် အာဆီယံ ပါလီမန်များ ညီလာခံ (ASEAN Inter-Parliamentary Assembly)(AIPA) ဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာ ပါလီမန်များအဖွဲ့ (Inter-Parliamentary Union)(IPU)ဆိုင်ရာ ပူးပေါင်းကော်မတီတို့တွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း။

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဟာရှိန်းဘွေ့၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၈၊ ပုဒ်မ ၃၅၂ နှင့်အညီ စစ်တက္ကသိုလ်များ၌ လူမျိုးဘာသာမခွဲခြားဘဲ တက်ရောက်စေခြင်း၊ တပ်မတော်တွင် တိုင်းရင်းသားများထဲမှ အရည်အချင်းရှိသူများကို ရာထူးအဆင့်ဆင့်တွင် ယုံကြည်စိတ်ချစွာဖြင့် တာဝန်ပေးအပ်နိုင်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဒွေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်း ပိုးသတ်ဆေးကင်းစင်ပြီး သန့်ရှင်းသောရေဖြင့် အစားထိုးပေးဝေသွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ထိန်အင်းကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ချင်းပြည်နယ်အတွင်းရှိ ကျေးရွာများတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ခဲ့ကြသော အသေးစားရေအားလျှပ်စစ်လုပ်ငန်းအား အစိုးရမှ ကူညီပံ့ပိုးပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **မာန်အောင်မြို့နယ်၊ ရဲကျွန်းကျေးရွာအုပ်စု၊ ရဲကျွန်း(မြောက်ဘက်ရွာ) မှာ ပင်လယ်လှိုင်းရေ တိုက်စားသဖြင့် ပျက်စီးနေသည့် ကမ်းခြေအား ပြုပြင်ကာကွယ်ထိန်းသိမ်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၈။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း။

၉။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ၏ **ခေတ်စနစ်နှင့်လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၀။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ပဥ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။